# ဝမော်ကျေးရွာ

# ထားဝယ်မြို့နယ်၊ ထားဝယ်ခရိုင်

# တနင်္သာရီတိုင်းဒေသကြီး

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၇ - ၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဝမော်ကျေးရွာ၊ ထားဝယ်မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ

## မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | ၃ |
| | **ဝမော်ကျေးရွာ သယံဇာတပြမြေပုံ၊ ထားဝယ်မြို့နယ်** | ၅ |
| ၁။ | **တည်နေရာနှင့် ပထဝီဝင် အနေအထား** | ၆ |
| ၂။ | **ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ** | ၆ |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | ၆ |
| ၄။ | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | ၆ |
| | (က) သီးနှံ စိုက်ပျိုးရေး | ၆ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၇ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၈ |
| | (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | ၈ |
| ၅။ | **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | ၉ |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၉ |
| | (ခ) ကျေးရွာ မီးလင်းရေး | ၉ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၉ |
| ၆။ | **ပညာရေး** | ၉ |
| ၇။ | **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး** | ၁၀ |
| ၈။ | **ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၁၁ |
| ၉။ | **ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ** | ၁၂ |
| ၁၀။ | **ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ** | ၁၃ |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၁၄ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၁၅ |
| | နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | ၅၂ |
| | နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁) | ၅၆ |
| | နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂) | ၅၈ |
| | နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃) | ၆၀ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ ကျေးရွာ၏ လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ၂၀၁၈/၂၀၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၀၂၃ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို

ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာစသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

**ဒီဇင်ဘာလ၊ ၂၀၁၆** **ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**

**ဝမော်ကျေးရွာ**

**ထားဝယ်မြို့နယ်**

# ဝမော်ကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ ထားဝယ်မြို့နယ်



## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ဝမော်ကျေးရွာသည် ကျောက်ရပ်ကျေးရွာအုပ်စု၊ ထားဝယ်မြို့နယ်တွင် တည်ရှိနေသော ရွာတစ်ရွာ ဖြစ်ပါသည်။ ကျေးရွာတည်ရှိရာသည် မြေပြန့်ပိုင်းတွင်တည်ရှိပြီး ဆားငန်ရေဝင်ရောက်မှုမှ ကင်းလွတ်သည်။ ကျေးရွာအနီးတွင် တောင်တန်း၊ မြစ်ချောင်းများရှိပြီး မြေပြင်အနေအထားမှာ မြေပြန့်ဖြစ်သည်။ ယခုအချိန်ထိ နှစ်စဉ်နှစ်တိုင်း ရေကြီးရေလျှံမှု အန္တရာယ်ရှိဆဲပင်ဖြစ်သည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ဝမော်ကျေးရွာသည် ပူ၍မိုးများသော အပူပိုင်းမိုးသစ်တော ရာသီဥတုကျရောက် သည့် ဒေသအတွင်းတည်ရှိပါသည်။ ကျေးရွာရှိ လယ်ယာမြေများ အသင့်အတင့်ရှိပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီလွှာမကောင်းပါ။ အခြားသယံဇာတများ ထွက်ရှိမှုမရှိပါ။ သဘာဝအလျောက်ပေါက်ရောက်သော ဆေးဖက်ဝင်အပင် အနည်းအကျဉ်းသာ တွေ့ရှိရပါ သည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဝမော်ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ရပ်မိရပ်ဖအဖွဲ့၊ လူငယ်အသင်း၊ မိဘဆရာအသင်းနှင့် လူမှုကူညီရေးအသင်းတို့သည် ကျေးရွာ၏ သာရေး နာရေး၊ ဖွံ့ဖြိုးရေး စသည်တို့တွင် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်နေပါသည်။

ဝမော်ကျေးရွာတွင် မြို့နယ်အစိုးရဦးစီးဌာနများမှ အကောင်အထည်ဖော် ဆောင်ရွက်နေသည်မှလွဲ၍ အခြားပြင်ပအဖွဲ့အစည်းများ၏ ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများ လုပ်ဆောင်မှု မရှိသေးပေ။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံ စိုက်ပျိုးရေး

ဝမော်ကျေးရွာရှိ စိုက်ပျိုးမြေမှာ အသင့်အတင့် ရှိသော်လည်း မိုးရေကိုသာ အားထား စိုက်ပျိုးရသဖြင့် စိုက်ပျိုးမြေအား အပြည့်အဝ အသုံးချမှု နည်းနေပါ သည်။ အများစုမှာ နှစ်ရှည်ပင်သီးနှံများ စိုက်ပျိုးကြပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေးအတွက် ဆည်ရေ နှင့် မြေအောက်ရေများ ရရှိနိုင်မှုမရှိပါ။

ဝမော်ကျေးရွာတွင် လယ်မြေဧက ပိုင်ဆိုင်သော တောင်သူလယ်သမား အိမ်ထောင်စု များနည်းပါး၍ ဆင်းရဲသား ကျပန်းမိသားစုများသည် လယ်၊ တောင်ယာ၊ ဥယျာဉ်လုပ်ငန်း ခွင်တွင် နေ့စားလုပ်သားများအဖြစ် ဝင်ရောက် လုပ်ကိုင်ကြခြင်းဖြင့် အလုပ်အကိုင် အခွင့်အလမ်းများကို ရရှိစေပါသည်။

ဝမော်ကျေးရွာတွင် စိုက်ပျိုးရေးအတွက် ရေအရင်းအမြစ်ရရှိနိုင်သော နေရာမရှိပါ။ မိုးရေဖြင့်သာ စိုက်ပျိုးရေးကို လုပ်ကိုင်ကြရပါသည်။

ဝမော်ကျေးရွာ၏ အဓိကစိုက်ပျိုးသီးနှံမှာ စပါးဖြစ်သည်။ လယ်မြေများမှာ မြေဆီလွှာအသင့်အတင့် ကောင်းမွန်သဖြင့် အများဆုံး (၆၀) တင်းအထိ ထွက်ရှိပါသည်။ သို့သော်လည်း ယခုနှစ်များတွင် စပါးခင်းများ၌ နှံစုပ်ပိုးများကျရောက်မှုကြောင့် အထွက်နှုန်း ကျဆင်းမှုများ ကြုံတွေ့ရပါသည်။ မျိုးကောင်းမျိုးသန့်များ ရွေးချယ်သုံးစွဲမှု အားနည်း နေကြပြီး စိုက်ပျိုးနည်းပညာများကို စနစ်တကျ ကျင့်သုံးလိုက်နာမှုနှင့် ပိုးမွှားရောဂါအား နည်းစနစ်ကျကျ ကာကွယ်မှုများ အားနည်းနေဆဲ ဖြစ် ပါသည်။

ဝမော်ကျေးရွာတွင် လယ်ယာမြေများ နည်းပါးသော်ကြောင့် စိုက်ပျိုးရေးအတွက် လယ်ယာသုံးစက်ကိရိယာများကို တစ်ဦးချင်းပိုင်ဆိုင်သော အိမ်ထောင်စုနည်းပါး ပါသည်။ စိုက်ပျိုးရေးအတွက် လယ်ယာသုံးကိရိယာများကို ငှားရမ်းလုပ်ကိုင်သော တောင်သူများ လည်း ရှိပါသည်။

ဝမော်ကျေးရွာတွင် စိုက်ပျိုးရေးအတွက် မိုးရေဖြင့်သာ စိုက်ပျိုးကြသည်။ တောင်သူလယ်သမားများမှာ စိုက်ပျိုးထုတ်လုပ်မှုအတွက် အရင်းအနှီးကို မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်နှင့် ငွေချေးပေးသူများထံမှသာ ရရှိနိုင်ပါသည်။ သွင်းအားစုများအတွက် ချေးငွေအစီအစဉ်များ ရရှိလာခဲ့လျှင် နှစ်ရှည်သီးနှံ စိုက်ပျိုးမှုကို အထောက်အပံ့များစွာ ဖြစ်ပေါ်လာမည် ဖြစ်ပါသည်။ စိုက်ပျိုးနည်းစနစ်မှန်မှန် ကျင့်သုံးလာနိုင်မည် ဖြစ်ပါသည်။

စိုက်ပျိုးမြေတိုးချဲ့နိုင်မှု မရှိခြင်း၊ မြေဆီလွှာများ ပျက်စီးခြင်း၊ ငွေကြေးအရင်းအနှီး များရရှိရန် တိုးနှုန်းများစွာဖြင့် ချေးနေရခြင်း၊ မျိုးကောင်းမျိုးသန့်များ မရရှိခြင်း၊ လုပ်သားများ ပြည်ပသို့ သွားရောက်လုပ်ကိုင်နေရခြင်း၊ ရေအရင်းမြစ်များမရှိခြင်း၊ စိုက်ပျိုးရေ မလုံလောက်မှုရှိခြင်း၊ ဖျက်ပိုးနှင့် ရောဂါများကာကွယ်ရန် ကျွမ်းကျင်သူ မရှိခြင်းနှင့် ဈေးကွက်လက်လှမ်းမီမှု နည်းပါးခြင်းစသော အခက်အခဲများ ကြုံတွေ့နေ ရပါသည်။ စိုက်ပျိုးရေးနည်းပညာ အကူအညီများ လိုအပ်နေပါသည်။

**(ခ) မွေးမြူရေးလုပ်ငန်း**

ဝမော်ကျေးရွာတွင် နွား၊ ကြက် စသည့် ဒေသမျိုးများကိုသာ တစ်ပိုင်တစ်နိုင် မွေးမြူ လုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် မွေးမြူရေးကို စီးပွားဖြစ်လုပ်ကိုင်သော အိမ်ထောင်စုများ မရှိပါ။

ဝမော်ကျေးရွာတွင် မွေးမြူရေးလုပ်ငန်း တိုးတက်ရန်အတွက် နည်းပညာနှင့် ရောဂါ ကာကွယ်ထိန်းချုပ်ရန် အထူးလိုအပ်နေပါသည်။ တိရစ္ဆာန်ကျန်းမာရေး အကျိုးတော်ဆောင်

မရှိပါ။ ကျေးရွာမှစီးပွားဖြစ်မွေးမြူရေးဆိုင်ရာ နည်းပညာသင်တန်းများ တက်ရောက်လိုပါသည်။ ပံ့ပိုးပေးပါက မွေးမြူရေးလုပ်ငန်းဖြင့် ဝင်ငွေတိုးနိုင်ပါသည်။

ဝမော်ကျေးရွာတွင် မွေးမြူရေးလုပ်ငန်း တိုးတက်ရန်အတွက် နည်းပညာနှင့် ရောဂါကာကွယ်ထိန်းချုပ်ရန် အထူးလိုအပ်နေပါသည်။ တိရိစ္ဆာန် ကျန်းမာရေးအသိပညာပေးမှု နည်းပါးခြင်း၊ စိုက်ပျိုးရေးကိုသာ အဓိကလုပ်ကိုင်နေခြင်း၊ မွေး-ကု ဌာနနှင့် ချိတ်ဆက်ဆောင်ရွက်မှုမရှိခြင်း၊ ငွေအရင်းအနှီးလုံလောက်မှုမရှိခြင်း စသည်တို့သည် မွေးမြူရေးလုပ်ငန်းအတွက် အဟန့်အတားများဖြစ်ပါသည်။ သို့ပါ၍ ရောဂါကာကွယ်ရေးဆိုင်ရာ ဂန်ဆောင်မှုများ ပံ့ပိုးပေးခြင်း၊ မွေးမြူရေးလုပ်ငန်းအတွက် ချေးငွေထုတ်ချေးပေးနိုင်မည့် အဖွဲ့များမှ ကာလရှည်ချေးငွေများရရှိခြင်း စသည်တို့ကလည်း စီးပွားဖြစ်မွေးမြူရေး လုပ်ကိုင်ရန် အထောက်အပံ့ဖြစ်စေနိုင်ပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ဝမော်ကျေးရွာတွင် ဈေးကွက်လက်လှမ်းမီမှုရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်းနှင့် လျှပ်စစ်မီးရရှိနိုင်မှုရှိခြင်းတို့သည် စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများပင် ဖြစ်သည်။

ဝမော်ကျေးရွာတွင် အသက်မွေးဝမ်းကျောင်းနည်းပညာ ဝန်ဆောင်မှုရရှိနိုင်မှု မရှိခြင်း၊ ငွေကြေးအရင်းအနှီး ရရှိနိုင်မှုမရှိခြင်းနှင့် ဈေးကွက်ဆိုင်ရာ အသိရှိမှုနည်းပါးခြင်းတို့သည် စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခက်အခဲများပင်ဖြစ်သည်။

## (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ဝမော်ကျေးရွာတွင် ချေးငွေရရှိနိုင်သည့် နေရာများမှာ အပေါင်ဆိုင်၊ မိတ်ဆွေနှင့် ဆွေမျိုးများ၊ ငွေတိုးချေးငှားသူများထံမှ ရရှိပါသည်။ ချေးငွေရရှိရန် ငွေကြေးဝန်ဆောင်မှု အမျိုးအစားမှာ စားဝတ်နေရေးမပြည့်စုံမှု၊ အလုပ်အကိုင် အခွင့်အလမ်း နည်းပါးမှုကြောင့် ငွေများချေးယူရခြင်းဖြစ်ပါသည်။ ပြန်လည်ပေးဆပ်ရမည့် ကာလမှာ မိတ်ဆွေနှင့် ဆွေမျိုးများထံတွင် ချေးယူပါက( ၁)နှစ်၊ စိုက်ပျိုးရေးဘဏ်၌ ချေးယူပါက (၈)လ ပေးဆပ်ရပြီး အတိုးနှုန်းများကြီးမားပါသည်။ ဌာနဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် အတိုးနှုန်းသက်သာသော ချေးငွေများပြုလုပ်ပေးရန်လိုအပ်ပါသည်။

## ၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

### (က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ဝမော်ကျေးရွာရှိ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ကားလမ်းကိုသာ တစ်နှစ်ပတ်လုံး အသုံးပြုကြပါသည်။

ဝမော်ကျေးရွာရှိ ရွာတွင်းလမ်းနှင့် ကျေးရွာချင်းဆက်လမ်းများမှာ ကတ္တရာလမ်းများဖြစ်၍ တနှစ်ပတ်လုံး ကောင်းစွာ အသုံးပြုနိုင်ပါသည်။

ဝမော်ကျေးရွာတွင် ကွန်ကရစ်တံတား တစ်စင်းမှာ ကောင်းမွန်ပြီး ရေပြွန် တစ်စင်းမှာ ကျိုးပဲ့ပျက်စီးနေပါသဖြင့် သွားလာရခက်ခဲနေပါသည်။ ထို့ကြောင့် ရေပြွန်အား တစ်ဆင့်မြှင့်တင်ခြင်းများ ပြုလုပ်ပေးစေလိုပါသည်။

ဝမော်ကျေးရွာသည် မြစ်ကြောင်း၊ ပင်လယ်နှင့် ဝေးကွာပြီး ကုန်းလမ်း ပို့ဆောင်ရေးကိုသာ အဓိကအားထား အသုံးပြုကြပါသည်။

### (ခ) ကျေးရွာ မီးလင်းရေး

ဝမော်ကျေးရွာတွင် မီတာခဈေးကြီး၍ စားဝတ်နေရေးနှင့် ဝင်ငွေမှာ မလုံလောက်မှုများရှိသည်။ ဓာတ်အားလိုင်းသည် မီးပျက်ချိန်ကများပီး မီးလာလျှင်လည်း ဓာတ်အားမပြည့်ပါ။ မီတာခဈေးကြီးသောကြောင့် ပိုမိုဈေးနှုန်းသက်သာသော လျှပ်စစ်မီးများရရှိလျှင် ရွာအတွက်အခြေအနေကောင်းတစ်ရပ် ဖြစ်လာမည် ဖြစ်သည်။

### (ဂ) သတင်းနှင့် ဆက်သွယ်ရေး

ဝမော်ကျေးရွာတွင် မည်သည့်ဖုန်းလိုင်းမဆို ဆက်သွယ်အသုံးပြုနိုင်ပါသည်။

## ၆။ ပညာရေး

ဝမော်ကျေးရွာ၌ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်းမှာ စာမတတ်သူဦးရေမှာ ၂.၁၂%၊ ဘုန်းကြီးကျောင်းသင် ပညာရေးဦးရေမှာ ၂.၄၂%၊ မူလတန်းပညာရေး မပြီးဆုံးသူဦးရေမှာ ၉.၀၉%၊ မူလတန်းပညာရေးပြီးဆုံးသူဦးရေမှာ ၆၁.၅%၊ အလယ်တန်းပညာရေးပြီးဆုံးသူ ဦးရေမှာ ၁၆.၆၆%၊ အထက်တန်းပညာရေးပြီးဆုံးသူဦးရေမှာ ၃.၃၃%၊ တက္ကသိုလ်ပညာရေး ပြီးဆုံးသူဦးရေမှာ ၄.၈၄%ဖြစ်ပါသည်။ ရွာ၏ စီးပွားရေးအဆင်မပြေမှု၊ အလုပ်အကိုင်နည်းပါးမှုနှင့် အသိပညာနည်းပါးမှုတို့ကြောင့် ပညာရေးဘက်၌ အားနည်းနေရခြင်း ဖြစ်ပါသည်။

ဝမော်ကျေးရွာအတွင်းရှိ ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းအပ်နှံမှုရှိပြီး ကျောင်းမနေနိုင်သည့် ကလေး၊ မသန်စွမ်းသည့်ကလေးနှင့် ဆင်းရဲနွမ်းပါးချို့တဲ့သည့်

ကလေးများမရှိပါ။ ကျောင်းနေသည့် ကလေးများအားလုံးနီးပါးသည် ကျောင်းအဆင့်ပြီး မြောက်အောင် သင်ကြားမှုရှိပါသည်။ လက်ရှိမူလတန်းကျောင်းတက်ရောက်နေသူဦးရေမှာ မူလတန်းကျောင်းနေအရွယ် (၅-၉) နှစ်အရေအတွက်နှင့် နှိုင်းယှဉ်လျှင် ကျောင်းသားဦးရေ ပိုနေရခြင်းမှာ မူလတန်းတက်ရောက်နေသူအချို့မှာ ၉နှစ်ထက်အသက်ကြီးနေသောကြောင့် ဖြစ်သည်။

ဝမော်ကျေးရွာရှိ စာသင်ကျောင်းတွင် ကျောင်းဆောင်တစ်ဆောင်ရှိ၍ ကျောင်းဆောင် အခြေအနေမှာကောင်းမွန်ပြီး ကျောင်းခြံစည်းရိုးကာရံခြင်းမှာ မပြီးစီးသေးသဖြင့် နောက်ထပ် ကာရံခြင်းများပြုလုပ်ရန် လိုအပ်နေပါသေးသည်။ ကျောင်းအိမ်သာများမှာ လုံလောက်မှုရှိ သော်လည်း ပြန်လည်ပြုပြင်ခြင်းများ ပြုလုပ်ရန် လိုအပ်နေပါသည်။ ကျောင်းသားဦးရေနှင့် ဆရာ/မဦးရေ လုံလောက်မှုရှိပါသည်။

ဝမော်ကျေးရွာတွင် အခမဲ့ ပညာရေးစနစ်ကို အကောင်အထည်ဖော်နေသည့်အတွက် ဆင်းရဲသော မိသားစုများအတွက်လည်း အခက်အခဲမရှိ ကျောင်းတက်ခွင့်ရနေပါသည်။ ကျောင်းအကျိုးတော်ဆောင်များဖြင့် အစည်းအဝေးများ ပုံမှန်ပြုလုပ်ကြပြီး လိုအပ်ပါက ထပ်မံခေါ်ယူဆွေးနွေးပါသည်။ ကုန်ကျစရိတ် သက်သာသော ကလေးအားကစားကွင်း တစ်ခုလည်း လိုအပ်နေပါသည်။ ကျေးရွာ မူလတန်းကျောင်းပြီးသွားသော ကျောင်းသား၊ ကျောင်းသူများသည် (၂) မိုင်ဝေးသော ထားဝယ်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်း တွင် သွားရောက်ပညာသင်ကြားကြပါသည်။ ကျေးရွာတွင် မသန်စွမ်းသူများအတွက် ပညာရေး အထူးအစီအစဉ်မရှိပါ။

## ၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ဝမော်ကျေးရွာတွင် ငှက်ဖျားနှင့် သွေးတိုးရောဂါများ အဓိကဖြစ်ပွားလေ့ရှိပြီး ကြီးကြီးမားမားမတွေ့ရပါ။ ကျေးရွာသားများအနေဖြင့် အခြေခံကျန်းမာရေး စောင့်ရှောက်မှု များကို ကျေးရွာအတွင်းတွင် ရရှိနိုင်ပါသည်။ ရောဂါကြီးကြီးမားမား ဖြစ်ပွားလျှင် ကျေးရွာ နှင့် (၂) မိုင်ကွာဝေးသော ထားဝယ်မြို့နယ်ဆေးရုံကြီးသို့ သွားရောက်ကုသကြရပါသည်။

ကျောက်ရပ်ကျေးရွာရှိ ကျေးလက်ကျန်းမာရေးဆေးပေးခန်းမှ သားဖွားဆရာမမှ ကိုယ်ဝန်ဆောင်မိခင်များအတွက် စစ်ဆေးပေးခြင်းနှင့် ကလေးသူငယ်များအတွက် ကာကွယ် ဆေးတိုက်ကျွေးခြင်း စသည်တို့ လုပ်ဆောင်ပေးလေ့ရှိပါသည်။

ဝမော်ကျေးရွာရှိ ကျေးလက်ဆေးပေးခန်းတွင် ဆရာ/မများ လုံလောက်မှုမရှိပါ။ အသေးစားကျန်းမာရေးနှင့်ဆိုင်သော ဆေးဝါးများကို ကျေးရွာအတွင်းရှိ ကုန်စုံဆိုင်များတွင် ရရှိနိုင်ပြီး အကြီးစားကျန်းမာရေးအတွက်ကား ထားဝယ်မြို့ပေါ်ရှိ ဆေးဆိုင်များတွင် ရနိုင်

ပါသည်။ ကျေးရွာအတွက် ကျန်းမာရေးကဏ္ဍ တိုးတက်လာစေရန် လုပ်ဆောင်သင့်သည်များမှာ ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲများကိုလည်း အခါအားလျော်စွာ ပြုလုပ်ပေးခြင်းဖြင့် ကျေးရွာ သူ/သားများ၏ ကျန်းမာရေးအသိများ တိုးတက်လာနိုင်ပါမည်။

ဝမော်ကျေးရွာရှိ အိမ်ထောင်စုများသည် သောက်သုံးရေအတွက် ရေတွင်းကိုသာ အဓိကထားအသုံးပြုကြပါသည်။ သို့ရာတွင် မိုးရာသီနှင့် ဆောင်းရာသီတွင်သာ ရေလုံလောက်မှုရှိပြီး နွေရာသီတွင်ရေရှားပါးမှုများ ကြုံတွေ့နေရပါသည်။

ဝမော်ကျေးရွာတွင် ယင်လုံအိမ်သာ သုံးစွဲသော အိမ်ထောင်စုမှာ (၅၆) အိမ်ရှိပြီး ကျန်အိမ်ထောင်စုများမှာ ယင်လုံအိမ်သာ ဆောက်လုပ်ရာတွင် ကုန်ကျစရိတ်များပြားမှုကြောင့် မဆောက်လုပ်နိုင်ကြပဲ တွင်း/ဇလား အိမ်သာများကို ပြုလုပ်ကြပါသည်။ ထို့ကြောင့် အိမ်တိုင်းစေ့ ယင်လုံအိမ်သာ ဆောက်လုပ်ကြရန်နှင့် ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးရန်မှာ အဓိကကျနေပါသည်။

## ၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ဝမော်ကျေးရွာတွင် မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများအတွက် ထောက်ပံ့ခြင်းများမရှိပါ။ ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု (၁) စုနှင့် ဆင်းရဲ၍ မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု (၃) စုရှိပါသည်။

ဝမော်ကျေးရွာတွင် လယ်နှင့် တောင်ယာကို မိုးရာသီတွင်သာ စိုက်ပျိုးကြပါသည်။ သဘာဝဘေးအန္တရာယ်မှာ တစ်ခါတစ်ရံကျရောက်သော်လည်း ဆိုးရွားမှုမရှိလှပါ။ ငှက်ဖျားရောဂါနှင့် တီဘီရောဂါတို့မှာလည်း ကျန်းမာရေးအသိပညာရှိသဖြင့် ဖြစ်ပွားမှု နည်းပါးပါသည်။ တိရစ္ဆာန်ကူးစက်ရောဂါ ဖြစ်ပွားမှုနည်းပါးပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေးအတွက် မြေများတိုးချဲ့နိုင်ခြင်းမရှိပါ။

ဝမော်ကျေးရွာတွင် မွေးမြူရေးလုပ်ငန်း တိုးတက်ရန်အတွက် နည်းပညာနှင့် ရောဂါကာကွယ်ထိန်းချုပ်ရန် အထူးလိုအပ်နေပါသည်။ တိရစ္ဆာန်ကျန်းမာရေး အကျိုးတော်ဆောင်မရှိပါ။ ကျေးရွာမှ စီးပွားဖြစ်မွေးမြူရေးဆိုင်ရာ နည်းပညာသင်တန်းများတက်ရောက်လိုပါသည်။ ပံ့ပိုးပေးပါက မွေးမြူရေး လုပ်ငန်းဖြင့် ဝင်ငွေတိုးနိုင်ပါသည်။

ဝမော်ကျေးရွာ၌ စိုက်ပျိုးမြေများတွင် နွားချေး မြေဩဇာကို ပြန်လည်ဖြည့်တင်းခြင်း ပြုလုပ်ကြပြီး ဓာတ်မြေဩဇာ သုံးစွဲမှုနည်းပါးသည်။ သစ်တောများပြုန်းတီးမှုများလာသောကြောင့် ရေအရင်းအမြစ်နှင့် တိရစ္ဆာန်မျိုးကွဲများ ပျောက်ကွယ်မှုများလာပါသည်။ စိုက်ပျိုးသီးနှံများတွင် ပိုးမွှားရောဂါကာကွယ်နှိမ်နင်းသည့် နည်းလမ်းများသိရှိရန် လိုအပ်

နေဆဲဖြစ်ပါသည်။ စွန့်ပစ်ပစ္စည်းများကိုမီးရှို့ခြင်း၊ သစ်ပင်ရင်းပုံခြင်းကဲ့သို့ အလေ့အကျင့်များရှိသော်လည်း တစ်ရွာလုံးပါဝင်ပြီး စနစ်တကျပြုလုပ်သည့် စနစ်မရှိ သေးပါ။

## ၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ဝမော်ကျေးရွာရှိ အမျိုးသမီးများသည် စီမံခန့်ခွဲမှုစနစ်တွင် ပါဝင်မှုအားနည်းသော်လည်း ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် သာရေးနာရေးလုပ်ငန်းများတွင် အားတက်သရော ပါဝင်ကြပါသည်။ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏အသိအမြင်ရှိမှု အားနည်းနေသေးပြီး ဟောပြောဆွေးနွေးပွဲများ ပြုလုပ်ပေးစေလိုပါသည်။

ဝမော်ကျေးရွာရှိ နေ့စား လုပ်အားခများမှာ ကျား-မ ညီမျှမှု မရှိပါ။ ထုတ်ကုန် အလွန်နည်းပါး၍ အများအားဖြင့် လယ်လုပ်ငန်း၊ ဆောက်လုပ်ရေး ၊ လက်သမား၊ ပန်းရံလုပ်ငန်းများတွင် နေ့စားသမားများသာ များကြပါသည်။

ဝမော်ကျေးရွာတွင် အိမ်ထောင်စု (၇၁)စု ရှိပြီး၊ လူဦးရေ စုစုပေါင်း (၃၈၇) ဦး ရှိပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၅.၄၅) ဦး ရှိပါသည်။ အသက် (၁၅ နှစ် မှ ၆၄ နှစ်) အထိ အလုပ်လုပ်နိုင်သော လူဦးရေမှာ ၆၉% ရှိပြီး (၁၅) နှစ်အောက်လူဦးရေနှင့် အသက် (၆၄) နှစ် အထက် လူဦးရေစုစုပေါင်း ၃၁% သည် မှီခိုသူများဖြစ်ကြပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၅.၄၅) ဦးနှုန်း ရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅) ဦးနှုန်းထက် များပြားနေပါသည်။ သို့သော်လည်း ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် လူသားအရင်းအမြစ်ကောင်းများအဖြစ် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးအတွက် ထောက်ပံ့မှုပေးနိုင်ပါသည်။

ဝမော်ကျေးရွာ၌ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်းမှာ စာမတတ်သူဦးရေမှာ ၂.၁၂%၊ ဘုန်းကြီးကျောင်းသင် ပညာရေးဦးရေမှာ ၂.၄၂%၊ မူလတန်းပညာရေး မပြီးဆုံးသူဦးရေမှာ ၉.၁၉%၊ မူလတန်းပညာရေး ပြီးဆုံးသူဦးရေမှာ ၆၁.၅%၊ အလယ်တန်းပညာရေး ပြီးဆုံး သူ ဦးရေမှာ ၁၆.၆၆%၊ အထက်တန်းပညာရေး ပြီးဆုံးသူဦးရေမှာ ၃.၃၃%၊ တက္ကသိုလ်ပညာရေး ပြီးဆုံးသူဦးရေးမှာ ၄.၈၄%ဖြစ်ပါသည်။ ရွာ၏ စီးပွားရေး အဆင်မပြေမှု၊ အလုပ်အကိုင်နည်းပါးမှုနှင့် အသိပညာနည်းပါးမှုတို့ကြောင့် ပညာရေးဘက်၌ အားနည်းနေရခြင်းဖြစ်ပါသည်။

ဝမော်ကျေးရွာအတွင်းရှိ ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းအပ်နှံမှုရှိပြီး ကျောင်းမနေနိုင်သည့် ကလေး၊ မသန်စွမ်းသည့် ကလေးနှင့် ဆင်းရဲနွမ်းပါးချို့တဲ့သည့် ကလေးများမရှိပါ။ ကျောင်းနေသည့် ကလေးများအားလုံးနီးပါးသည် ကျောင်းအဆင့်ပြီး မြောက်အောင် သင်ကြားမှုရှိပါသည်။ လက်ရှိမူလတန်းကျောင်းတက်ရောက်နေသူဦးရေမှာ မူလတန်းကျောင်းနေအရွယ် (၅-၉) နှစ်အရေအတွက်နှင့် နှိုင်းယှဉ်လျှင် ကျောင်းသားဦးရေ ပိုနေရခြင်းမှာ မူလတန်းတက်ရောက်နေသူအချို့မှာ ၉နှစ်ထက်အသက်ကြီးနေသောကြောင့် ဖြစ်သည်။

## ၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

| ကျေးရွာအုပ်စုအမည် - ကျောက်ရပ် | | | ကျေးရွာအမည် - ဝမော် | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| ၁ | ပညာရေး | ကျောင်းအဆောက်အဦ | KG ကျောင်းဆောင်ဆောက်လုပ်ခြင်း | |
| ၂ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | ကျောင်းခြံစည်းရိုး (၁၃၀၀) ပေအား အုတ်တံတိုင်းဖြင့် ကာရန်ခြင်း။ | |
| ၃ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | ကျောင်းဆရာ/ဆရာမအတွက် လေးခန်းတွဲဝန်ထမ်းအိမ်ယာတစ်လုံး တည်ဆောက်ခြင်း။ | |
| ၄ | မွေးမြူရေး | တိရိစ္ဆာန်မွေးမြူရေး | မွေးမြူရေးနည်းပညာသင်တန်းများရရှိအောင် ဆောင်ရွက်ခြင်း။ | |
| ၅ | ငွေကြေး | အသေးစားငွေကြေးဝန်ဆောင်မှု | အတိုးနှုန်းသက်သာသောချေးငွေများရရှိအောင်ဆောင်ရွက်ခြင်း။ | |
| | | | | |
| | | | | |

## ဝမော်ကျေးရွာ၊ ကျောက်ရပ်ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးဖေသန်း | ဦးဦးမြိုင် | ၆/ထဝန(နိုင်) ၀၅၉၈၁၃ | ၆၀ | ဥက္ကဌ | ၀၉-၄၅၂၂၈၃၉၇၂ |
| ၂ | ဦးအောင်ဝင်း | ဦးစစ်ထွန်း | ၆/ထဝန(နိုင်) ၀၅၉၇၈၉ | ၆၂ | အတွင်းရေးမှူး | |
| ၃ | ဦးဖြူအေး | ဦးကြီးရွှေ | ၆/ထဝန(နိုင်) ၀၅၉၇၇၆ | ၅၆ | ဘဏ္ဍာရေးမှူး | |
| ၄ | ဦးကျော်လွင် | ဦးအေးဖေ | ၆/ထဝန(နိုင်) ၀၇၄၆၅၉ | ၄၇ | စာရင်းကိုင် | |
| ၅ | ဦးဝင်းစိန် | ဦးအောင်ညွန့် | ၆/ထဝန(နိုင်) ၀၆၅၇၇၇ | ၆၀ | စာရင်းစစ် | |
| ၆ | ဦးဝင်းမြင့် | ဦးလှကြူ | ၆/ထဝန(နိုင်) ၀၉၂၃၂၅ | ၄၀ | အဖွဲ့ဝင် | |
| ၇ | ဦးအောင်ရှိန် | ဦးထွန်းရွှေ | ၁၂/ဥကမ(နိုင်) ၀၉၇၂၆၃ | ၅၈ | အဖွဲ့ဝင် | |
| ၈ | ဒေါ်ခင်ပြုံး | ဦးလှဝင်း | ၆/ထဝန(နိုင်) ၀၅၉၇၁၆ | ၅၅ | အဖွဲ့ဝင် | ၀၉-၃၃၆၂၇၃၀၃ |
| ၉ | ဒေါ်သီတာလှိုင် | ဦးသန်းမောင် | ၆/ထဝန(နိုင်) ၀၇၆၄၄၀ | ၄၀ | အဖွဲ့ဝင် | ၀၉-၄၂၂၂၀၃၂၃၆ |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |

## ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

### (၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

### (က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၄ | ၇ | ၁၁ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၁၃ | ၁၃ | ၂၆ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၁၀ | ၁၀ | ၂၀ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၁၈ | ၁၀ | ၂၈ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၃၅ | ၁၃၂ | ၂၆၇ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၁၂ | ၂၃ | ၃၅ |
| **စုစုပေါင်း** | | **၁၉၂** | **၁၉၅** | **၃၈၇** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၇၁** | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ဝမော်ကျေးရွာတွင် အိမ်ထောင်စု (၇၁)စု ရှိပြီး၊ လူဦးရေ စုစုပေါင်း (၃၈၇) ဦး ရှိပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၅.၄၅) ဦး ရှိပါသည်။ အသက် (၁၅ နှစ် မှ ၆၄ နှစ်) အထိ အလုပ်လုပ်နိုင်သော လူဦးရေမှာ ၆၉% ရှိပြီး (၁၅) နှစ်အောက် လူဦးရေနှင့် အသက် (၆၄) နှစ် အထက် လူဦးရေစုစုပေါင်း ၃၁% သည် မှီခိုသူ များ ဖြစ်ကြပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၅.၄၅) ဦးနှုန်း ရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅) ဦးနှုန်းထက် များပြားနေပါသည်။ သို့သော်လည်း ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် လူသားအရင်းအမြစ်ကောင်းများအဖြစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အတွက် ထောက်ပံ့မှုပေးနိုင်ပါသည်။

### (ခ) အလုပ်လုပ်နိုင်သူ အင်အား

### (ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄ | ၉ | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၄ | | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၂ | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၅ | ၈ | ၂ | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၀ | ၁၄ | | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | ၁ | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃ | ၃ | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၂ | ၁ | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၅ | ၇ | | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၂ | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | ၁ | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၂၉ | ၄၂ | ၄၄ | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | **စုစုပေါင်း** | ၇၀ | ၉၈ | ၉၈ | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား"** ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု

လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ ဝမော်ကျေးရွာတွင် ဆောက်လုပ်ရေး ၊ လက်သမား ၊ ပန်းရံလုပ်ငန်းလုပ်ကိုင်သော အိမ်ထောင်စု (၁၁)စု ရှိပြီး စက်ချုပ်လုပ်ငန်း လုပ်ကိုင်သော အိမ်ထောင်စု (၃) စု ရှိပါသည်။ လက်လီ၊ လက်ကား ရောင်းဝယ်ရေးလုပ်ကိုင်သော အိမ်ထောင်စု (၇) စုရှိပါသည်။ ကျေးရွာတွင် ကုန်ထုတ်လုပ်ငန်းအားဖြင့် တံမြက်စည်းထုတ်လုပ်ငန်း လုပ်ကိုင်ကြပြီး ကိုယ်ပိုင်လုပ်ကိုင်သော အိမ်ထောင်စု (၁) စုသာရှိပြီး အလုပ်သမားဖြင့် လုပ်ကိုင်သော အိမ်ထောင်စု (၅) စုရှိပါသည်။ ထိုင်းနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်သော အိမ်ထောင်စုများလည်း ရှိပါသည်။

**(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၆၀၀၀ | ၄၅၀၀ | ၅၀၀၀ | ၄၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | ၃၀၀၀ | | ၂၀၀၀ |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၈၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၃၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | ၅၀၀၀ | ၃၀၀၀ | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | ၅၀၀၀ | ၃၀၀၀ | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်** (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ။ ဝမော်ကျေးရွာရှိ နေ့စား လုပ်အားခများမှာ ကျား-မ ညီမျှမှု မရှိပါ။ ထုတ်ကုန် အလွန်နည်းပါး ၍ အများအားဖြင့် လယ်လုပ်ငန်း၊ ဆောက်လုပ်ရေး ၊ လက်သမား၊ ပန်းရံလုပ်ငန်း များတွင် နေ့စားသမားများသာ များကြပါသည်။

## (ဂ) သဘာဝရင်းမြစ်များ

### (ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| လယ်မြေ | ၁၄ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၂၅ | ကောင်း ☑ သင့် ☐ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ဓနိတောမြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| မြေလွတ် မြေလပ် | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| **စုစုပေါင်း** | **၃၉** | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

**လေ့လာတွေ့ရှိချက်။** ။ ဝမော်ကျေးရွာရှိ စိုက်ပျိုးမြေမှာ အသင့်အတင့် ရှိသော်လည်း မိုးရေကိုသာ အားထားစိုက်ပျိုးရသဖြင့် စိုက်ပျိုးမြေအား အပြည့်အဝအသုံးချမှုနည်းနေပါသည်။ အများစုမှာ နှစ်ရှည်ပင်သီးနှံများ စိုက်ပျိုးကြပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေးအတွက် ဆည်ရေနှင့် မြေအောက်ရေများ ရရှိနိုင်မှုမရှိပါ။

### (ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ ☐ သင့် ☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☑ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ ☐ သင့် ☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☑ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့် ☐ နည်း ☑ မရှိ ☐ | လွယ် ☐ ခက် ☑ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့် ☐ နည်း ☑ မရှိ ☐ | ☒ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ဝမော်ကျေးရွာတွင် ဓာတ်သတ္တုဆိုင်ရာ သဘာဝအရင်းအမြစ်များ ထွက်ရှိမှု မရှိပါ။ သဘာဝတိရစ္ဆာန်များ နည်းပါးနေရခြင်းမှာ တောတောင်များ ပြုန်းတီးနေခြင်း ကြောင့် ဖြစ်ပါသည်။ သဘာဝအပင်မျိုးစိတ်များမှာ အသင့်အတင့် ရှိနေပါသေးသည်။ သို့သော်လည်း လက်လှမ်းမီမှု အားနည်းပါသည်။

## (ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| **အိမ်ထောင်စု** | ၆ | ၂၀ | ၂၀ | ၂၅ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ဝမော်ကျေးရွာ၏ အခြေအနေအထားကို ကျေးရွာသူ/ရွာသားများ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်သော ဥစ္စာဓနအဆင့်သတ်မှတ်မှု နည်းလမ်းအရ သိရှိခဲ့ရပါသည်။ ဓနဥစ္စာအရ အဆင်ပြေသော အိမ်ထောင်စုမှာ အလွန်နည်းပါးပါသည်။ အများအားဖြင့် ဆင်းရဲနှင့် အလွန်ဆင်းရဲ မိသားစုများပါသည်။ မြေပိုင်ဆိုင်မှုမှာ အသင့်အတင့်ရှိကြောင်း တွေ့ရှိရသည်။

## (င) ထိခိုက်လွယ်မှု

### (င-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | ၈ | အခြားအစာပြောင်းလဲစား = ______<br>အစာလျှော့စား = ______<br>အထောက်အပံ့ယူ = ______<br>ချေးယူ = ___၈___<br>လုပ်အားခကြိုယူ = ______ |
| ၃ လနှင့် ၆ လကြား | ၇ | အခြားအစာပြောင်းလဲစား = ______ |

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ဝမ်းစာဖူလုံမှု | | အစာလျှော့စား = ______<br>အထောက်အပံ့ယူ = ______<br>ချေးယူ = ___၇___<br>လုပ်အားခကြိုယူ = ______ |
| ၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ______<br>အစာလျှော့စား = ______<br>အထောက်အပံ့ယူ = ______<br>ချေးယူ = ______<br>လုပ်အားခကြိုယူ = ______ |

ရင်းမြစ်..ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ဝမော်ကျေးရွာတွင် ကျပန်းအလုပ်သမားများသောကြောင့် အလုပ်ရှိသောအချိန်တွင် စားဝတ်နေရေးအတွက် ဝမ်းစာဖူလုံမှုရှိပြီး အလုပ်မရှိသော မိုးရာသီအချိန်များတွင် ချေးယူ၍ ဝမ်းရေးကို ဖြေရှင်းနေကြရပါသည်။

## (င-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | ၅ | ၆ | ၁၁ |
| မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | ၂ | ၁ | ၃ |
| | **အိမ်ထောင်စု အရေအတွက်** | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၁ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | ၃ | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ဝမော်ကျေးရွာတွင် မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများအတွက် ထောက်ပံ့ခြင်းများမရှိပါ။ ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု (၁) စုနှင့် ဆင်းရဲ၍ မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု (၃) စုရှိပါသည်။

## (င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☑ လတ် ☐ နိမ့် ☐ မရှိ ☐ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ☑ လတ် ☐ နိမ့် ☐ မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၆ | မုန်တိုင်း | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၇ | ငလျင် | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၈ | မီးဘေး | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ဝမော်ကျေးရွာတွင် လယ်နှင့် တောင်ယာကို မိုးရာသီတွင်သာ စိုက်ပျိုးကြပါသည်။ သဘာဝဘေး အန္တရာယ်မှာ တစ်ခါတစ်ရံကျရောက်သော်လည်း ဆိုးရွားမှု မရှိလှပါ။ ငှက်ဖျားရောဂါနှင့် တီဘီရောဂါတို့မှာလည်း ကျန်းမာရေးအသိပညာရှိသဖြင့် ဖြစ်ပွားမှု နည်းပါးပါသည်။ တိရစ္ဆာန်ကူးစက်ရောဂါ ဖြစ်ပွားမှုနည်းပါးပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေး အတွက် မြေများတိုးချဲ့နိုင်ခြင်းမရှိပါ။

## (င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့် ☑ လတ် ☐ နိမ့်☐ မရှိ ☐ |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဇရိယာတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၅ | ဆေးစွဲသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |
| ၁၈ | နေရပ်ပြန် အခြေချသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၂၀ | ကားမောင်းပြီး အသက်မွေးသူများ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ဝမော်ကျေးရွာရှိ လက်လုပ်လက်စားများနှင့် ကျပန်းလုပ်သားများမှာ မိုးတွင်းအချိန်တွင် အလုပ်အကိုင် ရှားပါးခြင်းကြောင့် စားနပ်ရိက္ခာမဖူလုံမှုကို ကြုံတွေ့ရပါသည်။ ဘေးအန္တရာယ် တစ်ခုခုကြုံလာပါက ငွေကြေးအရင်းအနှီး မဖူလုံသော ဆင်းရဲသားတောင်သူများ အဖို့ ထိခိုက်မှုများရှိနိုင်ပါသည်။ ဘေးအန္တရာယ် တစ်ခုခု ကြုံလာပါက စုပေါင်းဖြေရှင်း သည့် အလေ့အထရှိသောကြောင့် ဆိုးဆိုးရွားရွား ထိခိုက်မှု မရှိပါ။ ရေလွှမ်းမိုး ပျက်စီးခြင်းမရှိပေ။ သို့သော် ရွာအတွင်းတွင် သီးသန့်ကူညီမှု၊ ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်မှုလျော့ချရေး အစီအစဉ်မရှိသည် ကို တွေ့ရသည်။

**(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**

**(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ**

**(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ ကျား | မ | ပေါင်း | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ် ခု ကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| ၁ | လူငယ် အသသင်း | ၁☐ ၂☑ ၃☐ | ၁၅ | ၁၈ | ၃၃ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ |
| ၂ | ရပ်မိရပ်ဖ | ၁☐ ၂☑ ၃☐ | ၅ | ၃ | ၈ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ |
| ၃ | မိဘဆရာ | ၁☐ ၂☑ ၃☐ | ၅ | ၅ | ၁၀ | ပညာရေး ☑ ငွေကြေး ☐ | ကောင်း ☐ |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| | အသင်း | | | | | ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | သင့် ☑<br>ညံ့ ☐ |
| ၄ | လူမှုကူညီ ရေးအသင်း | ၁☐ ၂☑ ၃☐ | ၂၀ | ၁၀ | ၃၀ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ |
| ၅ | | ၁☐ ၂☐ ၃☐ | | | | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ |
